# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် Public Feedback Programme (PFP) Web Portal ကို အသုံးပြု၍ ဝန်ဆောင်မှုရယူကြသည့် အခွန်ထမ်းပြည်သူများ၏ လက်ကိုင်ဖုန်းများသို့ SMS များ ပေးပို့ကာ **"သက်ဆိုင်ရာအခွန်ရုံးများ၏ ဝန်ဆောင်မှုများအပေါ် ပြည်သူများ၏ သဘောထားမှတ်ချက်များ တုံ့ပြန်ပေးနိုင်ရေးအတွက် ဖြေကြားပေးနိုင်ပါရန်"** မေးခွန်းများ မေးမြန်းပြီး ပြည်သူတို့၏ တုံ့ပြန်ဖြေကြားမှုများအရ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယင်းသို့ SMS ပေးပို့၍မေးမြန်းရာတွင် Short Code **"1111"** ကို အသုံးပြုသွားမည်ဖြစ်ပါကြောင်းနှင့် လူကြီးမင်း၏လက်ကိုင်ဖုန်းသို့ **"1111"** ဖြင့် SMS ဝင်လာပါက ပြန်လည်ဖြေဆိုပေးခြင်းအားဖြင့် အခွန်ရုံးများ၏ ဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသဖြင့် ပြည်သူများက ပူးပေါင်းပါဝင်ပေးစေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့**
**ပြည်တွင်းအခွန်များဦးစီးဌာန**

**" အဂတိတရားကင်းစင်ရေး '1111' ကိုပြန်ကြားပေး "**

**" ဝန်ဆောင်မှုများကောင်းစေဖို့ '1111' ကိုပြန်ဖြေစို့ "**